DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၆၈)

# ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဘာသာတရား လိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/ ၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# ဘာသာတရား လိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

## မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈-ရက်၊ (၂၀၁၁ ခုနှစ် အောက်တိုဘာလ ၅-ရက်)၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ နယ်စပ်နှင့် တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း သာသနာပြုသင်တန်းကျောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု ဓမ္မသဘင်၊ ဓမ္မသီရိဗိမာန်တော်၌ ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနားဝယ် ကျေးဇူးရှင်ဖခင်ကြီး ဒေါက်တာမောင်မြူး ကျေးဇူးရှင် ဆရာကြီး ဦးတင့်ရီ ကျေးဇူးရှင် ဆရာကြီး ဦးဘဖိုးတို့အား ရည်စူး၍ မြူ မိသားစု၏ အမတဒါန၊ ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော "ဘာသာတရား လိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်" အကြောင်း တရားဒေသနာတော်။

ကိုယ်ယုံကြည်ရာ ဘာသာတရားရဲ့ အဆုံးအမနဲ့ ကျင့်စဉ်များအတိုင်း ထိုဘာသာတရားကို သက်ဝင်ယုံကြည်ကိုးကွယ်ကြတဲ့ ပုဂ္ဂိုလ်တွေ လိုက်နာ ကျင့်သုံးလေ့ရှိကြတယ်။ လိုက်နာကျင့်သုံးတဲ့အခါ ရည်ရွယ်ချက်အမျိုးမျိုးရှိကြမှာပဲ။ ဒီနေရာမှာ ဗုဒ္ဓဘာသာဝင်တွေထားရမယ့်ရည်ရွယ်ချက်ကို စာပေကျမ်းဂန် လာတဲ့အတိုင်း မှတ်သားသင့်တယ်။ မှန်ကန်တဲ့ ရည်ရွယ်ချက်နဲ့ လိုက်နာကျင့်သုံးဖို့ လိုအပ်တယ်။

လောကမှာ ဘာသာတရား အမျိုးမျိုးရှိတယ်။ ဒီကနေ့ခေတ်မှာ အများစုယုံကြည်ပြီး လိုက်နာကျင့်သုံးနေကြတဲ့ ဘာသာတရား အရေအတွက် သိပ်မများလှဘူး။ အထင်ရှားဆုံး ကမ္ဘာ့ဘာသာတရားကြီးတွေကို လေ့လာကြည့်သင့်တယ်။ သေသေချာချာ လေ့လာသုံးသပ်ကြည့်ရင် ဘာသာတရားအများစုဟာ အခြေခံအားဖြင့် ကိုယ်ကျင့်သီလကို အတိုင်းအတာတစ်ခုအရဆုံးမလမ်းညွှန်မှု ပြုကြတယ်။ အခြေခံ ကိုယ်ကျင့်သီလကောင်းရေးကို ဦးစားပေးတဲ့ ဘာသာတရားက များတယ်။ အဲဒီ အခြေခံ ကိုယ်ကျင့်သီလတောင်မှပဲ

ကိုယ်ကျင့်သီလလို့ သတ်မှတ်ထားတဲ့ အရာတွေဟာ (တချို့ဘာသာ အဆိုကို ဗုဒ္ဓမြတ်စွာ ဟောကြားတဲ့ တရားဓမ္မနဲ့ နှိုင်းယှဉ်ပြီး ကြည့်မယ်ဆိုရင် ကိုယ်ကျင့်သီလ မဟုတ်ဘူး) ကိုယ်ကျင့်သီလပျက်ပြားမှုကို ကိုယ်ကျင့်သီလ တစ်ခုအနေနဲ့ သတ်မှတ်လိုက်နာကျင့်သုံးနေကြတာသာဖြစ်တယ်။

သံသရာဝဋ်ကလွတ်ပြီး ဆင်းရဲဒုက္ခတွေအားလုံး ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ လမ်းစဉ်ကို ချမှတ်ပေးနိုင်တဲ့ ဘာသာတရားဆိုတာ ဗုဒ္ဓမြတ်စွာ ဟောကြားတဲ့ ဘာသာတရားတစ်ခုပဲ ရှိတယ်။ ကျန်တဲ့ ဘာသာတရားတွေဟာ ဖန်ဆင်းရှင်ရဲ့ အလိုတော်ကျ လိုက်နာကြရတာသာ ဖြစ်တယ်။ လုပ်လုပ်သမျှ မကောင်းမှု အကုသိုလ်တွေ ဖန်ဆင်းရှင်ထံ ဝန်ချ တောင်းပန်မှု confession လုပ်လိုက်တာနဲ့ ဘုရားသခင်က ခွင့်လွှတ်ရင် အားလုံး ဒီအကုသိုလ်တွေရဲ့ ပြစ်ဒဏ်တွေ မခံရဘူးလို့ လွယ်လွယ်နဲ့ ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေက များတယ်။ အဲဒီလို ခွင့်လွှတ်လို့ အရာ ခပ်သိမ်းဟာ ဖြစ်နိုင်သလား မဖြစ်နိုင်ဘူးလားလို့ ဆင်ခြင်စဉ်းစားတဲ့

ပုဂ္ဂိုလ်ဟာ အင်မတန်မှ ရှားတယ်ပေါ့။

confession လုပ်ရုံနဲ့ မကောင်းမှု ဒုစရိုက်တွေ အကုသိုလ်တရားတွေရဲ့အကျိုးပေးမှု ဒုက္ခရောက်မှုမှ လွတ်ကင်းတယ်ဆိုတာ တစ်ဘဝအတွင်းမှာဆိုရင်တော့ ဖြစ်ကောင်းဖြစ်နိုင်လိမ့်တယ်။ လောကမှာ လူလုပ်ထားတဲ့ ဥပဒေဆိုရင် လွတ်ငြိမ်းချမ်းသာခွင့် ပေးလို့ရနိုင်တယ်။ ပြစ်ဒဏ်ပေးတဲ့လူ မရှိလို့ အပြစ်ဒဏ်က လွတ်နေလင့်ကစား သူ့မှာ စိတ်ဖိစီးမှုဆိုတဲ့ အပြစ်ဒဏ်၊ သဘာဝကပေးတဲ့ အပြစ်ဒဏ်ကတော့ ခံရမှာပဲ။

ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ အကုသိုလ်ကံရဲ့ အပြစ်ဒဏ်ဆိုတာ လူကပေးတဲ့ အပြစ်ဒဏ် မဟုတ်ဘူး။ သဘာဝကပေးတဲ့ အပြစ်ဒဏ်သာ ဖြစ်တယ်။ သဘာဝကပေးတဲ့ အပြစ်ဒဏ်တွေကို မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်အာမခံပြီး ကွင်းလုံးကျွတ် လွှတ်ပေးဖို့ဆိုတာ မဖြစ်နိုင်ဘူးပေါ့။အဲဒီ မဖြစ်နိုင်တာကို ဖြစ်နိုင်တယ်လို့ ယုံကြည်မယ်ဆို တကယ် အပြစ်ဒဏ်ခံရတဲ့အချိန်မှာ ကယ်တင်မယ့်သူရှိမှာ မဟုတ်ဘူး။

ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ "အတ္တာ ဟိ အတ္တနော နာထော-မိမိသည်သာလျှင် မိမိရဲ့ ကိုးကွယ်ရာ ဖြစ်သည်"ဆိုတဲ့စကားအရ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွှေ့ဘူး။ ကိုယ်ကိုယ်တိုင် ကောင်းအောင် ကျင့်သုံးခြင်းသာ လက်တွေ့ကျတယ်။ လူတွေဟာ သံသရာ ကျင်လည်တဲ့အချိန်မှာ အမှားအယွင်းဆိုတာတွေ လုပ်မိခဲ့ကြတယ်။ ကောင်းတာလည်း လုပ်မိမှာပဲ၊ မကောင်းတာလည်း လုပ်မိမှာပဲ။ အမှားတွေလုပ်မိလို့ရှိရင် ထိုအမှားရဲ့ အပြစ်ဒဏ်ကို သဘာဝက ဒဏ်ခတ်လို့ခံရတယ်ဆိုတာ အင်မတန်မှထင်ရှားတယ်။

လောကမှာ ဘယ်လောက်ကောင်းအောင် လုပ်လုပ် ဆိုးကျိုးခံစားရတဲ့ ပုဂ္ဂိုလ်တွေ ရှိတာပဲ။ သဘာဝက ခွင့်မလွှတ်သည့်အတွက် ဒီအပြစ်တွေ ခံစားရတယ်ဆိုတာ ထင်ရှားတယ်။ ဘယ်သူကမှ အပြစ်ဒဏ်ပေးတာ မဟုတ်ဘူး။ ကိုယ့်သန္တာန်မှာ online ဖြစ်နေတဲ့ အကုသိုလ်ကံက ကိုယ့်ကို ထိခိုက်နစ်နာစေတာပဲ။ အဲဒါကို ပြင်ပပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က လာပြီး ဒီအပြစ်တွေ အားလုံး လွှတ်ငြိမ်းချမ်းသာခွင့်ပြုတယ်

ဆိုတာ ဖြစ်နိုင်ပါ့မလားတဲ့။ မဖြစ်နိုင်ဘူး။

Confession လုပ်လို့ အပြစ်ဒဏ်တွေက ခွင့်လွှတ်တယ်ဆိုတဲ့ ဘာသာကို ကိုးကွယ်ကြတဲ့ ပုဂ္ဂိုလ်တွေ ဒုက္ခရောက်နေကြတာတွေလည်း အများကြီးပဲ။ ဘယ်လောက်ပဲ ဘုရား တရား ယုံကြည် ယုံကြည်၊ သဘာဝက ဒဏ်ခတ်တာကိုတော့ ဘယ်သူမှ မတွန်းလှန်နိုင်ကြဘူးပေါ့။ သဘာဝ ကံတရားရဲ့အကျိုးကိုတော့ ဘယ်သူမှ ရှောင်လွှဲလို့ မရဘူးဆိုတာ ဒီကနေ့ လက်တွေ့မျက်မြင်အားဖြင့် အလွန်ထင်ရှားတယ်။ သို့သော် လောကလူတွေက အလွန်ထင်ရှားတာကို လက်မခံပဲနဲ့ အပြောသက်သက်နဲ့ လက်ခံယုံကြည်ကြတာက များတယ်ပေါ့။

ဘာဖြစ်လို့လဲဆိုရင် လူသားတွေမှာ စဉ်းစားဉာဏ်ဆိုတာ အင်မတန်မှ အားနည်းလို့ပဲ။ ဒါကြောင့်မို့ သမ္မာဒိဋ္ဌိ အမှန်မြင်ဖို့၊ အသိဉာဏ်ရှိဖို့ အရေးကြီးတယ်။ အသိဉာဏ်ဟာ အင်မတန်မှ အရေးကြီးတယ်လို့ မြတ်စွာဘုရားဟောတာ ဖြစ်တယ်။ အမှန်တရားကို သိဖို့ အမှန်မြင်ဖို့ဆိုရင် သမ္မာဒိဋ္ဌိ မရှိဘဲနဲ့ ဖြစ်နိုင်မှာ

မဟုတ်ဘူး။ အမှန်မြင်ခြင်းကို မိမိသန္တာန်မှာ တည်ဆောက်နိုင်မှ မှားယွင်းချွတ်ချော်နေတဲ့ ကျိုးကြောင်း ဆီလျော်မှုမရှိတဲ့အရာတွေကို လက်မခံမိမှာ ဖြစ်တယ်။

လောကလူတွေဟာ မှန်မှန်ကန်ကန် မမြင်ကြဘူး။ မှန်မှန်ကန်ကန် မစဉ်းစားနိုင်ကြဘူး။ အမှားကို မှန်တယ်ထင်တတ်ကြတယ်။ အမှားကို အမှန်ထင်ပြီးတော့ ဘာသာတရားရဲ့ အဆုံးအမတွေကို လိုက်နာကျင့်သုံးပြီး နေကြတယ်။ အဲဒီလို လိုက်နာကျင့်သုံးတဲ့ထဲမယ် ကောင်းတာပါလို့ရှိရင် ကောင်းကျိုးကို ရကြမှာပဲ။ မကောင်းတာကို အကောင်းလုပ်ပြီးတော့ ဟောတဲ့ ဘာသာတရားကို လိုက်နာကျင့်သုံးမိပြီဆိုရင် နောက်ဆုံး နစ်မွန်းကြရမှာပဲ ဖြစ်တယ်ပေါ့။

ဘာဖြစ်လို့တုန်းဆိုတော့ ဒီ Natural Law ဆိုတဲ့ သဘာဝတရားကြီးဟာ ပြောင်းလဲလို့မှ မရတာ။ ဘယ်ခေတ်၊ ဘယ်အခါပဲဖြစ်ဖြစ် ကမ္မနိယာမ "The Law of Kamma"ကို ပြောင်းလို့မရဘူး။ ကံတရားမှာ အခြံအရံ အကြောင်းတရား၊ "conditions"တွေ ရှိသော်လည်း ပင်မအကြောင်းတရားကိုသာ ဖော်ထုတ်

ဟောထားတာ။ အကုသိုလ်မှန်သမျှ သာဝဇ္ဇ-အပြစ်ရှိတယ်။ ဒုက္ခဝိပါက-ဆင်းရဲတဲ့အကျိုးကို ထုတ်လုပ်တယ်။ ကုသိုလ်မှန်ရင် **အနဝဇ္ဇ**-အပြစ်ကင်းတယ်။ **သုခဝိပါက** ချမ်းသာသော အကျိုးကို ထုတ်လုပ်တယ်ဆိုတာ "The Law of Nature" ကို ဖော်ပြတာ။ "ဒါ အကုသိုလ်ဖြစ်စေ၊ ဒါ ကုသိုလ်ဖြစ်စေ ဒါ မကောင်းမှုဖြစ်စေ"လို့ ဒီလို သတ်မှတ်ပေးတဲ့ သဘောမျိုး မဟုတ်ဘူး။

အရှိကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဖော်ထုတ်ပြီး ဟောတာ။ မီးဟာ ဘုရားဖန်ဆင်းလို့ ပူတာ မဟုတ်ဘူး။ သဘာဝက ပူတာ။ အဲဒီပူတဲ့ မီးကို သွားထိမယ်ဆိုရင် ပူမယ်။ လောင်မယ်ဆိုတာ သူ့ရဲ့ nature ပဲပေါ့။ သဘာဝကပေးတဲ့ ပြစ်ဒဏ်ကို လူသားတစ်ယောက်ကဝင်ပြီး ခွင့်လွှတ်တယ်ဆိုတာ မဖြစ်နိုင်တဲ့ အရာတစ်ခုဘဲ။ မဖြစ်နိုင်သော်လည်း လူတွေဟာ အလွယ်လမ်းကို ကြိုက်ကြတယ်လေ။ ကိုယ့်အားကိုယ်ကိုး ရမယ်။ ကိုယ့်အလုပ် ကိုယ်လုပ်ရမယ်ဆိုတာ ကျတော့ လူတွေက ပျင်းကြတယ်။ ပျင်းတော့ ကယ်တင်မယ်ဆိုတဲ့ ပုဂ္ဂိုလ်နောက် လိုက်ကြတာပေါ့။

ဒီကနေ့ခေတ်ပဲကြည့် "ဒီ ဓါတ်လုံးလေးဆောင်ထားရင် ဒီ လက်ဖွဲ့လေး ဆောင်ထားရင် စီးပွားဥစ္စာတွေ တိုးတက်တယ်။ သိဒ္ဓိပြီးတယ်"ဆိုရင် လိုက်ကြတာအများကြီးပဲ။ ဒါက မြန်မာပြည်မှာဖြစ်တဲ့ နမူနာလေးတစ်ခုကို ပြောပြတာ။ ယုံကြည်မှုရဲ့နောက်ကို လိုက်နေကြတာ။ တကယ်ရတာ၊ မရတာ မသိဘူး။ ယုံကြည်မှုနဲ့လိုက်နေကြတယ်။

တစ်ချိန်တုန်းက ဟိုထိုင်းနိုင်ငံက ဆက်သွယ်လာတဲ့၊ ကူးစက်လာတဲ့ ချဲထီဆိုတာတွေ၊ မြန်မာပြည်မှာဖြစ်နေတဲ့ နှစ်လုံးထီဆိုတာတွေ၊ နံပါတ်ပေးတဲ့ပုဂ္ဂိုလ်တွေကို ယုံကြတာပဲလေ။ နဲနဲလေးစဉ်းစားလိုက်ပေါ့၊ ပေါက်တဲ့နံပါတ် သူသိရင် သူပဲ ထိုးမှာပေါ့။ အဲဒီတော့ သူ့ဟာသူ ဘာဖြစ်လို့ မထိုးသလဲ။ သူများကို ဘာကြောင့် ထိုးခိုင်းသလဲ။ အဲဒီလောက်လေး စဉ်းစားလိုက်ရုံနဲ့ပဲ ဒါ မဟုတ်ဘူးဆိုတာ ထင်ရှားတာပေါ့။ သို့သော် ယုံတဲ့လူတွေက ယုံတာပဲလေ။ အေး ဒါက နမူနာကို ပြောပြတာ။ ဘာသာတရားနဲ့ ပတ်သက်ပြီးတော့လည်း လက်တွေ့မကျတဲ့ အရာတွေကို လူတွေက ယုံနေကြတာပဲ။

ဗုဒ္ဓမြတ်စွာဟောတဲ့တရားက ဒါမျိုးမဟုတ်ဘူး။ "သွာက္ခာတ" မှန်မှန်ကန်ကန် ဟောထားတာဖြစ်တယ်။ အရှိကို အရှိအတိုင်းဟောတာ ဖြစ်တယ်။ ကောင်းတာကို ကောင်းတယ်၊ ဆိုးတာကို ဆိုးတယ်။ ကုသိုလ်ကို ကုသိုလ်၊ အကုသိုလ်ကို အကုသိုလ်၊ ကယ်တင်လို့ရရင် ကယ်တင်လို့ရတယ်။ မရရင် မရဘူး။ ဟော အမှန်အတိုင်း ဟောထားတာ အဲဒီအမှန်အတိုင်း ဟောတဲ့ တရားဟာ "သွာက္ခာတ"။

အမှန်အတိုင်းဟောတာ ဟုတ်ပေမယ့်လို့ နားထောင်ရတဲ့ပုဂ္ဂိုလ်၊ လိုက်နာရတဲ့ပုဂ္ဂိုလ်ဟာ ကိုယ်တွေ့မဖြစ်နိုင်ဘူး ဆိုရင်လည်း သိပ်အားကိုးယုံကြည်ဖို့ မကောင်းတော့ဘူး။ "သန္ဒိဋ္ဌိကော"တဲ့ ကိုယ်တိုင်လည်း တွေ့ရှိနိုင်တယ်။ လက်ခံရုံတင်မဟုတ်ဘူး ကိုယ်တိုင်တွေ့ရှိနိုင်တယ်။ ကိုယ်တိုင်တွေ့ဖို့ ဘယ်လောက်ထိအောင် ဆိုင်းရမလဲဆိုတော့၊ "အကာလိကော" ဆိုင်းစရာ မလိုဘူး။ "အခုကျင့် အခုသိတယ်"။ ဒီအဓိပ္ပါယ်မျိုးကို ဟောထားတာနော်။ အဲဒီတော့ ဗုဒ္ဓတရားတော်ဟာ ဘယ်လောက် လက်တွေ့ကျသလဲ။ အင်မတန်မှ လက်တွေ့ကျတယ်။

သို့သော် အဲဒီလက်တွေ့ကျတဲ့တရားကို လက်မခံဘဲ ငြင်းပယ်နေတဲ့ ပုဂ္ဂိုလ်တွေဟာလည်း ကမ္ဘာပေါ်မှာ အများကြီးပဲ။ ဒါကြောင့်မို့ လူတွေရဲ့ ယုံကြည်မှုတွေဆိုတာ အင်မတန်မှ ထူးဆန်းတယ်။ ဘာဖြစ်လို့ မဖြစ်နိုင်တာကို ယုံကြည်လဲဆိုရင် အသိဉာဏ် နည်းလို့။ မှန်ကန်စွာ စဉ်းစားနိုင်တဲ့ အသိဉာဏ်ဟာ အင်မတန်မှ အရေးကြီးတယ်။ သမ္မာဒိဋ္ဌိ လို့ဆိုတဲ့ ဆင်ခြင်တုံတရားဟာ လူတိုင်းမှာရှိတယ်လို့ မအောက်မေ့လေနဲ့။ လောကမှာ Educated လို့ ခေါ်တဲ့ ပညာတတ်ပုဂ္ဂိုလ်တွေပဲ ဖြစ်လင့်ကစား၊ ဘာသာတရားနဲ့ ပတ်သက်လာတဲ့အခါ Educated မဟုတ်တော့ဘူး။ ဘာဖြစ်လို့တုန်းဆိုရင် စဉ်းစားနိုင်တဲ့ အသိဉာဏ်ကို Tradition ဆိုတဲ့ အစဉ်အလာ ယုံကြည်မှုတွေက လွှမ်းမိုးထားလို့ပေါ့။

အဲဒီလို Tradition တွေ၊ hearsay တွေ ဒါတွေက လွှမ်းမိုးထားသည့်အတွက် ကိုယ့်ရဲ့ အသိဉာဏ်ကို အသုံးချနိုင်ဖို့ အင်မတန်မှ ခဲယဉ်းတယ်။ လက်တွေ့ကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကြိုက်မိုက်လက်ခံပြီး ယုံကြည်နေ

ကြတာပဲ။ အဲဒီထဲကမှ တကယ့်ကို စဉ်းစားဉာဏ်ရှိပြီး ထိုးဖောက် ထွက်လာတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတယ်။ တကယ် အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ သာမန်နဲ့ မယုံကြည်နိုင်ဘူးပေါ့။

လောကမှာ လူအများစုဟာ သူများအပေါ်မှာ ယုံကြည်ကြတာ၊ သာမန်ပုဂ္ဂိုလ်တွေဟာ **ပရပ္ပစ္စယ** ဆိုတဲ့အတိုင်း သူပြော လူပြောကို ယုံကြတာ များတယ်။ အဲ တရားထူး၊ တရားမြတ် ရသွားလို့ သောတာပန် အဆင့် ရောက်သွားပြီဆိုရင် **အပရပ္ပစ္စယ** သူတစ်ပါး ပြောတာ မယုံတော့ဘူး။ ဘာဖြစ်လို့ မယုံတာတုန်းဆို ရင် အသိဉာဏ်က ထက်မြက်လာလို့ ဖြစ်တယ်။ ကိုယ်တွေ့သိတဲ့ အသိဉာဏ်ကြောင့် "**အပရပ္ပစ္စယော ဝေဒာရဋ္ဌပ္ပတ္တော**"တဲ့။ သူများပြောရုံနဲ့ မယုံဘူး ရဲရင့်တယ်။ ရှင်ကောဏ္ဍည ဓမ္မစကြာတရား နာပြီး တဲ့အခါမှာ သောတာပန်ဖြစ်သွားလို့ "**ဓမ္မစက္ခု**"ဆိုတဲ့ ဓမ္မအသိဉာဏ် ရတဲ့အခါမှာ အဲဒီ အခြေအနေမျိုး ရောက်သွားတာနော်။

အဲဒီတော့ ဘုန်းကြီးတို့တတွေဟာ **အပရပ္ပစ္စယ**

ဖြစ်ဖို့ အရေးကြီးတယ်ပေါ့။ သူပြော လူပြောနဲ့ ယုံတဲ့ အဆင့်ဟာ အင်မတန်မှ အောက်တန်းကျတယ်။ ဘာသာတရားနဲ့ပတ်သက်ပြီး လူတွေ လိုက်နာကျင့်သုံးပုံ မျိုးစုံနေအောင် ရှိတယ်။ ဒီကနေ့ ထင်ရှားရှိနေတဲ့ ကမ္ဘာ့ ဘာသာတရားတွေအရ ကျင့်သုံးလိုက်နာကြပုံကို ကြည့် မယ်ဆိုရင် သိနိုင်တယ်။

အဲဒီတော့ ဘုန်းကြီးတို့က ဒီကနေ့ ဗုဒ္ဓမြတ်စွာရဲ့ တရားဓမ္မအတိုင်း လိုက်နာကျင့်သုံးမှုနဲ့ ပတ်သက်ပြီး မှန်ကန်တဲ့ ရည်ရွယ်ချက် ရှိရမယ်။ ဘာအတွက် တို့ တစ်တွေဟာ ဗုဒ္ဓမြတ်စွာ ဟောကြားတဲ့ ဘာသာတရား ကို လိုက်နာကျင့်သုံးကြတာလဲလို့ ကိုယ့်ဟာကိုယ် ဆန်းစစ်ဖို့ လိုတယ်ပေါ့။ ကျန်တဲ့ဘာသာဝင်တွေ သူတို့ ရဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ပဲ လိုက်နာ၊ လိုက်နာ၊ တို့ တစ်တွေက မှန်ကန်တဲ့အနေနဲ့ ဘာသာတရားကို လိုက်နာကျင့်သုံးတာ ဟုတ်ရဲ့လားလို့ စဉ်းစားရမယ်။ လိုက်နာကျင့်သုံးမှုအတွက် ဘယ်လိုပဲ နှလုံးသွင်းမှု၊ ဘယ်လိုရည်ရွယ်ချက်ထားမှ မှန်ကန်သလဲဆိုတာ သိအောင် လုပ်ကြရမယ်။

ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါ ကာလက အသိဉာဏ်အလွန်ထက်မြက်ကြတဲ့ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာကောဋ္ဌိကတို့ အမေးအဖြေပြုထားတဲ့ သုတ္တန် တစ်ခုကို ဘုန်းကြီးတို့တစ်တွေ မှတ်သားနာယူကြမှာ ဖြစ်တယ်။ သုတ်ရဲ့နာမည်ကို "ကောဋ္ဌိကသုတ်"လို့ ခေါ်တယ်။ ကောဋ္ဌိက ဆိုတဲ့ ရဟန်းတော်တစ်ပါးဟာ အင်မတန် အမေးအမြန်းထူတယ်။ သူက ရဟန္တာ ပုဂ္ဂိုလ်ဆိုတော့ သူမေးချင်လို့မေးတာ ဟုတ်ပုံမရဘူး၊ နောင်လာနောက်သားတွေ မှတ်သားဖို့အတွက် မေး မြန်းတာဖြစ်နိုင်တယ်၊ ဒီလိုယူဆရမယ်။ သူ့မှာ မေးခွန်း တွေ အမြဲတမ်းရှိနေတယ်။

စနစ်ကျတဲ့မေးခွန်းတွေ တန်ဖိုးရှိတဲ့မေးခွန်းတွေ မေးဖို့ဆိုတာ လွယ်တာတော့ မဟုတ်ဘူး။ ရှေးတုန်းက တော့ မေးခွန်းမေးတာ လွယ်တယ်လို့ဆိုတဲ့ အယူအဆ နဲ့ "အမေးကျွဲကျောင်း အဖြေဘုရားလောင်း"လို့ ဆိုကြတယ်။ ကျွဲကျောင်းနဲ့ဘုရားအလောင်းလို့ ဒီလို ပြောကြတယ်။ သို့သော် စဉ်းစားကြည့်စမ်းပါ။ ကျွဲ ကျောင်းသားမေးတဲ့မေးခွန်းဟာ ဘယ်လောက်အဆင့်

ရှိမှာတုန်း "ဘယ်နားမှာ ကျွဲကျောင်းလို့ရလဲ"ဆိုတဲ့ မေးခွန်းမျိုးပဲ ရှိမှာပေါ့နော်၊ လေးနက်တဲ့မေးခွန်းကို သူ ဘယ်မေးတတ်မလဲ။ အဲဒီတော့ မေးခွန်းမေးတယ် ဆိုတာလည်း အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ကမှ မေးနိုင်တယ်၊ ဒါမှ လေးနက်တဲ့ မေးခွန်းဖြစ်မှာပေါ့။

ဒီ ရှင်မဟာကောဋ္ဌိက ဆိုတာ ရဟန္တာပုဂ္ဂိုလ်ကြီး တစ်ပါးပဲ။ သူက သာဝတ္ထိပြည်က။ သူ့ဖခင်က သာမန် ပုဂ္ဂိုလ်မဟုတ်ဘူး။ ဗြာဟ္မဏပဏ္ဍိတ်ထဲမှာ နာမည်ကြီး တဲ့ အဿလာယန ပုဏ္ဏားပညာရှိပဲ။ ဒီ အဿလာ-ယန ဆိုတဲ့ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး "အဿလာယန သုတ္တန်"ဆိုတာရှိတယ်။ အဿလာယန ဆိုတာ သူတို့ ရဲ့ အနွယ်နာမည် ဖြစ်တယ်။ ၁၆နှစ်အရွယ် ကတည်းက ဗေဒ ၃-ပုံကို တစ်ဘက်ကမ်းရောက် တတ်မြောက်ပြီး သူတို့ဗြာဟ္မဏ အသိုင်းအဝိုင်းက လေးစားရတဲ့ပုဂ္ဂိုလ် တစ်ဦးပဲ။ သူတို့ခေတ်မှာ သင်ကြားရတဲ့ ဗေဒကျမ်း တွေကို ငယ်ငယ်နဲ့ တတ်မြောက်တဲ့ပုဂ္ဂိုလ်။ အဲဒီ ပုဂ္ဂိုလ် ကို မြတ်စွာဘုရားနဲ့ ယှဉ်ပြိုင်ပြီး စကားပြောဖို့ ဗြာဟ္မဏ တွေက ရွေးကြတယ်။

မြတ်စွာဘုရားက ဇာတ်ဝါဒကို တော်လှန်ခဲ့တယ်။ အိန္ဒိယမှာ ဒီကနေ့အထိ Caste system လို့ခေါ်တဲ့ ဒီစနစ်ကြီးဟာ ဒီကနေ့ထိအောင် လွှမ်းမိုးထားတုန်းပဲ။ အောက်တန်းစား ဇာတ်နိမ့်တွေဆိုရင် untouchable မထိရ၊ မကိုင်ရတဲ့ပုဂ္ဂိုလ်တွေအဖြစ် သတ်မှတ်ခံထားရတယ်။ လူ လူချင်းတူပါလျက်နဲ့ ကြဉ်ပယ်ခံထားတဲ့ ပုဂ္ဂိုလ်တွေ အိန္ဒိယမှာ အများကြီးပဲ။ ဇာတ်နိမ့်တွေလို့ခေါ်တယ်။ ဇာတ်နိမ့်တွေကို ခေါင်းဆောင်ပြီးတော့ ဗုဒ္ဓဘာသာထဲသွင်းသူ ဒေါက်တာအမ်ဘေဒ်ကာ ဆိုတာရှိတယ်။ သူက ဇာတ်နိမ့်ပဲ။ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓဘာသာဝင်တွေ ရှိတယ်လို့ ပြောကြတယ်။ အဲဒီပုဂ္ဂိုလ်တွေက ဇာတ်နိမ့်တွေ (ဇာတ်မြင့်တွေက လူရာမသွင်းလို့ ဗုဒ္ဓဘာသာထဲ ဝင်ခိုကြတာ။)

မြတ်စွာဘုရားလက်ထက်တုန်းက ဒီ Caste system မှာ ၄-မျိုး ခွဲခြားသတ်မှတ်ထားတယ်။ ခတ္တိယဆိုတဲ့ မင်းမျိုး၊ ဗြာဟ္မဏဆိုတဲ့ ပုဏ္ဏားမျိုး၊ ဝေဿဆိုတဲ့ ကုန်သည်လယ်လုပ်မျိုး၊ သုဒ္ဒဆိုတဲ့သူဆင်းရဲမျိုး ဝေယျာဝစ္စတွေလုပ်ရတဲ့အမျိုးလို့ အဲဒီလို (၄)မျိုး

သတ်မှတ်ထားတယ်။ ဇာတ်နဲ့ပတ်သက်လို့ရှိရင် မြတ်စွာဘုရားရဲ့ဝါဒက ဘာလဲလို့ဆိုရင် “စာတုဝဏ္ဏ-သုဒ္ဓိ”တဲ့။ အမျိုးဇာတ် (၄)မျိုးကို စတုဝဏ္ဏ လို့ခေါ်တယ်။ ခတ္တိယ၊ ဗြာဟ္မဏ၊ ဝေဿ၊ သုဒ္ဒ လို့ဆိုပြီး (၄)မျိုး ရှိတယ်။ ဒီကနေ့တော့ အိန္ဒိယမှာ ဒီထက်တောင် များလောက်တယ်။ ခွဲထားတာအမျိုးမျိုး ရှိတယ်။

ဗြာဟ္မဏတွေက ဗြာဟ္မဏဇာတ်ရှိတဲ့ ပုဂ္ဂိုလ်သာလျှင် ဖြူစင်တယ်၊ မြင့်မြတ်တယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေ ခတ္တိယပဲဖြစ်ဖြစ်၊ ဝေဿပဲဖြစ်ဖြစ်၊ သုဒ္ဒပဲဖြစ်ဖြစ်၊ ဗြာဟ္မဏဇာတ်ထက် နိမ့်ကျပြီး ဗြာဟ္မဏဇာတ်ကို အလုပ်အကျွေးပြုရမယ့် ပုဂ္ဂိုလ်တွေချည်းပဲ။ သူတို့ ဗြာဟ္မဏဇာတ်ပဲ စင်ကြယ်တယ်၊ သူတို့ဇာတ်ပဲ အထက်တန်းကျတယ်။ နောင်ဘဝလည်း ကောင်းရာသုဂတိ သူတို့ပဲရောက်မယ် သူတို့ဟာ ဗြဟ္မာမင်းကြီးရဲ့ ခံတွင်းက မွေးလာတဲ့ပုဂ္ဂိုလ်တွေတဲ့။

မြတ်စွာဘုရားကတော့ အဲဒါကို လုံးဝငြင်းပယ်တယ်။ လက်တွေ့အင်မတန်ကျတဲ့ စကားကို ပြောတယ်။ “ဗြဟ္မာမင်းကြီးရဲ့ ခံတွင်းက ပေါက်ဖွားတယ်လို့

မပြောနဲ့။ လောကမှာ ထင်ထင်ရှားရှား ပုဏ္ဏားမတွေ ကိုယ်ဝန် ဆောင်နေတာမြင်လျက်နဲ့ ဒီ စကားပြောတာ တော့လွန်တယ်"တဲ့၊ ဟုတ်တယ်လေ၊ မွေးတာက သူတို့ ပုဏ္ဏားမတွေက မွေးတာပဲလေ။ လူလိုပဲ မွေးတာ။ ကျန်တဲ့ပုဂ္ဂိုလ်တွေ မွေးနည်းကားအတိုင်း မွေးတာ။ ကောင်းကင်ကကျလာတာမှ မဟုတ်တာ။ "အေး ပုဏ္ဏားမတွေက မွေးတယ်ဆိုတာ အင်မတန်မှ ထင်ရှားလျက်နဲ့ ဘာဖြစ်လို့ ဗြဟ္မာမင်းကြီးရဲ့ ခံတွင်းက မွေးတယ်လို့ ပြောရတာလဲ၊ ဒါ လုံးဝ ယုတ္တိမရှိဘူး" တဲ့။

မြတ်စွာဘုရားက ဘယ်လိုသတ်မှတ်သလဲဆိုရင် ဗြာဟ္မဏပဲဖြစ်ဖြစ်၊ ခတ္တိယပဲဖြစ်ဖြစ်၊ ဝေဿပဲဖြစ်ဖြစ်၊ သုဒ္ဒပဲဖြစ်ဖြစ်၊ ကောင်းတာလုပ်ရင် ကောင်းတယ်။ မကောင်းတာလုပ်ရင် မကောင်းဘူး။ ကုသိုလ်လုပ်ရင် လူတော်လူကောင်း၊ အကုသိုလ်လုပ်ရင် လူဆိုးလူမိုက်။ ဒီလိုပဲ သတ်မှတ်တယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားဟောတာ ဘယ် လောက်ထိအောင် လက်တွေ့ကျသလဲဆိုရင် ဇာတ်

(၄)မျိုးမှာ "ခတ္တိယဇာတ်ရှိတဲ့ပုဂ္ဂိုလ်က မီးမွှေးလည်း မီးတောက်တာပဲ။ ဗြာဟ္မဏဇာတ်ရှိတဲ့ပုဂ္ဂိုလ်က မီးမွှေးလည်း မီးတောက်တာပဲ။ ဝေဿဇာတ်ရှိတဲ့ပုဂ္ဂိုလ်က မီးမွှေးလည်း မီးတောက်တာပဲ။ သုဒ္ဒဇာတ်ဆိုတဲ့ အောက်တန်းစားက မီးမွှေးလည်း မီးတောက်တာပဲ။ အဲဒီသူတို့မွှေးတဲ့ မီးတွေရဲ့ အရောင်အဝါကို ကြည့်ရင်လည်း တစ်မျိုးထဲပဲ" တဲ့။ ဒါက မြတ်စွာဘုရားလက်တွေ့ပြတာ။

မထူးခြားဘူးဆိုတာ သူတို့လုပ်တာကိုကြည့်၊ လုံးဝထူးခြားမှု မရှိဘူး။ အဲဒီတော့ ကောင်းတာလုပ်တဲ့ပုဂ္ဂိုလ်က ကောင်းတာပဲ၊ ဇာတ်နဲ့ ဘာမှမဆိုင်ဘူးတဲ့။ "**စာတုဝဏ္ဏသုဒ္ဓိ**" ဇာတ် (၄)မျိုးစလုံးဟာ စင်ကြယ်နိုင်တယ်။ ကောင်းရာသုဂတိ ရောက်နိုင်တယ်။ ကောင်းတာလုပ်ရင် ကောင်းတာ ဖြစ်နိုင်တယ်။ မကောင်းတာလုပ်ရင် မကောင်းတာ ဖြစ်နိုင်တယ်။

"**စာတုဝဏ္ဏသုဒ္ဓိ**"နဲ့ ပတ်သက်ပြီး စကားပြိုင်ပြောရင်း **အဿလာယန** ဟာ နောက်ဆုံး အရှုံးပေးပြီးတော့ ဗုဒ္ဓဘာသာ ဖြစ်သွားရတယ်။ အဿလာယနက

နောက်ပိုင်းမှာ စန္ဒီဝတီဆိုတဲ့ ပုဏ္ဏေးမနဲ့ အိမ်ထောင်ပြု
တယ်။ မွေးလာတဲ့ သားလေးရဲ့အမည်က ကောဋ္ဌိက
တဲ့။ ကောဋ္ဌိကဟာ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြု
တယ်။ အင်မတန်မှ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ် ရှင်မဟာ-
ကောဋ္ဌိက တဲ့ဖြစ်လာတယ်။ အဲဒီ ရှင်မဟာကောဋ္ဌိက
နဲ့ ရှင်သာရိပုတ္တရာတို့အချင်းချင်း အပြန်အလှန် တရား
ဆွေးနွေးတဲ့ သုတ္တန်တွေ တော်တော်များများရှိတယ်။
အဲဒီ သုတ္တန်တွေထဲက ဒီကနေ့ည အင်္ဂုတ္တရနိကာယ်က
"ကောဋ္ဌိကသုတ်"ကို ဟောမယ်။ ဘာသာတရား
လိုက်နာကျင့်သုံးမှုနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့သုတ်
ဖြစ်လို့ မှတ်သားနာယူကြရအောင်။

## ကောဋ္ဌိကသုတ်အနှစ်ချုပ်

သာဝတ္ထိပြည်မှာ ရှင်သာရိပုတ္တရာတို့၊ ရှင်မဟာ-
ကောဋ္ဌိကတို့ နှစ်ပါးဆုံတွေ့ကြတဲ့အခါ ရှင်မဟာကော-
ဋ္ဌိက က မေးခွန်းတွေ မေးလေ့ရှိတယ်။ "မြတ်စွာ
ဘုရားအထံမှာ ဗြဟ္မစရိယ ဆိုတဲ့ မြတ်သောအကျင့်ကို
ကျင့်တာ ဘာအတွက် ကျင့်တာလဲ"ဆိုတဲ့ မေးခွန်းပဲ။

အဲဒီ ဗြဟ္မစရိယဆိုတဲ့အသုံးကို ဘုန်းကြီးတို့က ဒီခေတ် နားလည်လွယ်အောင် "ဘာသာတရား လိုက်နာ ကျင့်သုံးခြင်း"လို့ ပြင်ဆင်သုံးလိုက်တယ်။ မြတ်စွာ ဘုရားရဲ့ အဆုံးအမဖြစ်တဲ့ ဘာသာတရား။ အဲဒီ ဘာသာတရားကို လိုက်နာကျင့်သုံးခြင်းဟာ "ဗြဟ္မ- စရိယ"အကျင့်ကို ကျင့်ခြင်းဖြစ်တယ်။ ဘုရား ဟောတဲ့ အတိုင်း၊ ဆုံးမတဲ့အတိုင်း လိုက်နာကျင့်သုံးတာ။

အဲဒီလို လိုက်နာကျင့်သုံးခြင်းဟာ ဘယ်လို ရည်ရွယ်ချက်နဲ့ လိုက်နာကျင့်သုံးတာလဲ ဆိုတာကို ရှင်းလင်းဖော်ပြတယ်။ ထားရမယ့် ရည်ရွယ်ချက်တွေ၊ မထားရမယ့်ရည်ရွယ်ချက်တွေ၊ ပေါ်လွင်ထင်ရှားလာ အောင် မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို တင်ပေးတဲ့ မေးခွန်းတွေကိုမေးပြီး ရှင်သာရိပုတ္တရာမထေရ်မြတ်က အဖြေပေးတဲ့ သုတ္တန်ပဲပေါ့။

ရှင်မဟာကောဋ္ဌိက က မေးတယ်။ "အရှင် သာရိပုတ္တရာတဲ့ မြတ်စွာဘုရားထံ မြတ်သော အကျင့်ကို လိုက်နာကျင့်သုံးပြီး နေထိုင်တာဟာ ဘာအတွက်လဲ၊ ကံတရားတွေကို အပြောင်းအလဲ

လုပ်ဖို့ ဘာသာတရားကို ကျင့်သုံးရတာလား?”တဲ့။

စဉ်းစားကြည့်နော်။ အခုခေတ် တချို့ ဘာသာတရား လိုက်နာကျင့်သုံးတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေက ကံတရားတွေကို အပြောင်းအလဲ လုပ်ချင်လို့ ကျင့်သုံးတာ ဖြစ်နေကြတယ်။ မကောင်းတဲ့ အကုသိုလ်တွေက လွတ်အောင် confession လုပ်ကြတယ်။ ဒီလိုဆို သူတို့ဘာသာတရား လိုက်နာကျင့်သုံးခြင်းဟာ မကောင်းတဲ့ အကုသိုလ်တွေကို ကောင်းမှုဖြစ်အောင် ပြောင်းပစ်တာပဲလေ။ အကုသိုလ်က လွတ်မြောက်သွားတယ်၊ confession လုပ်လိုက်တာနဲ့ ကုသိုလ် ဖြစ်သွားတယ်။ အဲဒီလို အတွက် ကျင့်သုံးတာလား? ဒီမေးခွန်းမျိုးတွေ မေးတာ။

ရှင်ကောဋ္ဌိကမေးတဲ့ မေးခွန်းတွေဟာ အင်မတန်မှ စိတ်ဝင်စားစရာကောင်းတယ်။ မေးခွန်းက ကံတရားနဲ့ ပတ်သက်တယ်။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်တွေ သိတဲ့အတိုင်း၊ လူတွေဟာ နေ့စဉ်နှင့်အမျှ ကြံတွေးကြတယ်။ ပြောဆိုကြတယ်။ ကိုယ်ထိလက်ရောက် လုပ်ကြတယ်။ အဲဒီလို စိတ်ရဲ့အတွေး၊ နှုတ်ကပြော၊ လက်တွေ့

လုပ်တဲ့အရာတွေဟာ ဒီလူတွေရဲ့သန္တာန်မှာ အလုပ်ဆိုတဲ့ ကံတရားတွေ ဖြစ်နေတယ်ပေါ့။

အဲဒီကံတရားတွေထဲမှာ တချို့ကံတရားက (၁) **ဒိဋ္ဌဓမ္မဝေဒနီယ** ဒီဘဝမှာတင် အကျိုးခံစားရလောက်အောင် သူက အခြေအနေပေးတယ်။ ဒီဘဝမှာတင် အကျိုးခံစားရတဲ့ ကံမျိုးဖြစ်တယ်ပေါ့။ အဲ တချို့ကံကျတော့ ဒီဘဝမှာ မခံစားရသေးဘူး။ ဒီဘဝရဲ့ အခြားမဲ့ (သို့မဟုတ်) နောက်ဘဝကျမှ အကျိုးခံစားရမယ့် ကံမျိုးဖြစ်တယ်။

ကံဆိုတာ အမျိုးမျိုးရှိတယ်။ သူက မြန်မြန်အကျိုးသက်ရောက်တာမျိုးရှိသလို နှေးနှေးမှ အကျိုးသက်ရောက်တဲ့ကံမျိုးလည်း ရှိတယ်ပေါ့။ ဒီဘဝလုပ်တဲ့အလုပ်တွေလည်း တူတူပဲလေ။ ဒါကြောင့် နိုင်ငံအစိုးရတွေက ချမှတ်ကြတယ် မဟုတ်လား၊ ရေရှည်၊ ရေတိုစီမံကိန်းဆိုတာလေ၊ ချက်ချင်း အကျိုးဖြစ်တာ ရှိတယ်လေ။ အကြာကြီးနေမှ အကျိုးဖြစ်တာ ရှိတယ်။ အဲဒီတော့ မြန်မြန်အကျိုးဖြစ်မယ့်ဟာကျတော့ ရေတိုစီမံကိန်းပေါ့။ ကြာမှ အကျိုးဖြစ်မယ့်ဟာကျတော့

ရေရှည်ပေါ့။ သီးနှံစိုက်တာတောင်မှပဲ အခုလောလော ဆယ် တစ်လ၊ နှစ်လအတွင်း စားရမယ့်သီးနှံ ရှိသလို နှစ်ချီကြာမှ စားရမယ့် သီးနှံရှိတယ်လေ။

အဲဒီလိုပဲ ကိုယ်လုပ်တဲ့ အလုပ်တွေဟာ ဒီဘဝမှာ တင် အကျိုးခံစားရတဲ့ ကံဆိုတာ ရှိတယ်။ သို့မဟုတ် နောင်ဘဝကျမှ အကျိုးခံစားရတဲ့ ကံဆိုတာ ရှိတယ်။ အဲဒီကံနှစ်မျိုးကို အပြောင်းအလဲလုပ်ချင်လို့ ဘာသာ တရားကို လိုက်နာကျင့်သုံးတာလားလို့ မေးတာ။

ဆိုလိုတာက ဒီဘဝမှာ အကျိုးခံစားရမယ့်ကံကို နောင်ဘဝကျမှ အကျိုးခံစားရမယ့်ကံအဖြစ် ပြောင်းလဲ ဖို့မြတ်သောအကျင့်ကို ကျင့်ရတာလား? ဘာသာ တရားကို လိုက်နာကျင့်သုံးတာလား? လို့မေးတယ်။

ရှင်သာရိပုတ္တရာက ဖြေတယ်။ "မဟုတ်ဘူး"။ မဟုတ်ဘူးဆိုတာ မဖြစ်နိုင်ဘူးလို့ ပြောတာနော်။ အဲဒီ တော့ ဒီဘဝမှာ အကျိုးခံစားမယ့်ကံတရားဟာ ဒီဘဝ မှာပဲ ခံစားရမှာပဲ။ နောင်ဘဝမှ အကျိုးခံစားမယ့် ကံတရားဟာလည်း နောင်ဘဝကျမှ အကျိုးခံစားရမှာ။ ဒီလိုဆိုလိုတာ။ ထန်းပင်ကို ဒီနေ့စိုက်ပြီးတော့ နက်ဖြန်ခါ

အသီးစားချင်လို့ ရမလား မရနိုင်ဘူးလေ။ အဲဒီတော့ အဲဒါကို အပြောင်းအလဲလုပ်ဖို့ ဘာသာတရားကို လိုက်နာကျင့်သုံးတာလားလို့ မေးတဲ့အခါ ရှင်သာရိပုတ္တရာက "မဟုတ်ဘူး ငါ့ရှင်"၊ ဒီလိုဖြေတယ်။

"ဒါဖြင့် နောင်တမလွန်မှ အကျိုးခံစားရတဲ့ ကံမျိုးကိုတဲ့ ဒီဘဝအကျိုးခံစားလို့ရအောင် ပြောင်းလွှဲပစ်ဖို့ မြတ်စွာဘုရားထံမှာ (သို့မဟုတ်) မြတ်သော အကျင့်ကို ကျင့်တာလား။ ဘာသာတရားကို လိုက်နာကျင့်သုံးတာလား"လို့ မေးတော့လည်း "မဟုတ်ဘူး"တဲ့။ အဓိပ္ပါယ်က ကံတရားတွေကို အပြောင်းအလဲလုပ်ချင်လို့ ဘာသာတရားတစ်ခုကို လိုက်နာကျင့်သုံးတယ် ဆိုတာဟာ မဖြစ်နိုင်တဲ့အရာတစ်ခုလို့ ဒီလိုဆိုလိုတယ်နော်။

သူက ဆက်မေးတယ်။ (၂) သုခဝေဒနီယကံ၊ ဒုက္ခဝေဒနီယကံ ဆိုတာ ၂-မျိုး ရှိတယ်။ ကုသိုလ်ကံက ချမ်းသာတဲ့အကျိုးကို ပေးတယ်။ အကုသိုလ်ကံက ဆင်းရဲတဲ့အကျိုးကို ပေးတယ်။ အဲဒီတော့ ဘာသာတရားကို လိုက်နာကျင့်သုံးခြင်းဟာ ချမ်းသာတဲ့အကျိုး

ပေးတဲ့ကံကို ဆင်းရဲတဲ့အကျိုး ပေးတဲ့ကံအဖြစ်ပြောင်းဖို့ လုပ်တာလားတဲ့။ "မဟုတ်ဘူး"။ ဒါဖြင့် ဒုက္ခဝေဒနီယ- ဆင်းရဲတဲ့အကျိုးကို ခံစားစေတဲ့ ကံတရားကို သုခ- ဝေဒနီယ- ချမ်းသာတဲ့အကျိုးကို ခံစားနိုင်တဲ့ကံအဖြစ် ပြောင်းလဲဖို့ ဘာသာတရားကို လိုက်နာကျင့်သုံးရတာ လားတဲ့။။ "မဟုတ်ဘူး"လို့ ဖြေတယ်။

မဟုတ်ဘူးဆိုတာ မဖြစ်နိုင်ဘူးကို ပြောတာနော်။ ဘာဖြစ်လို့တုန်းဆိုရင် ဒါက The Law of Nature ပဲ လေ။ သဘာဝတရားကြီးကို အပြောင်းအလဲလုပ်လို့ မရဘူး။ အဲဒီတော့ သုခဝေဒနီယကံကို ဒုက္ခ- ဝေဒနီယကံ ဖြစ်အောင်၊ ဘာသာတရားတစ်ခုကို လိုက်နာကျင့်သုံးတာလည်း မဟုတ်ဘူးတဲ့။ ဒုက္ခ- ဝေဒနီယကံကို သုခဝေဒနီယကံအဖြစ်ပြောင်းဖို့ ဘာသာတရားကို လိုက်နာကျင့်သုံးတာလည်း မဟုတ် ဘူး။ အဲဒီတော့ မကောင်းတာတွေ လုပ်ပြီး confes- sion လုပ်လိုက်ရုံနဲ့ မကောင်းတာတွေက ကောင်းတဲ့ အဖြစ် ပြောင်းသွားနိုင်ပါ့မလား။ မပြောင်း နိုင်ဘူးတဲ့။

## ဝန်ချတောင်းပန်ခြင်း

ဒါဖြင့် ဗုဒ္ဓဘာသာမှာ ဝန်ချတောင်းပန်မှု မရှိဘူးလား၊ ရှိတယ်။ ဗုဒ္ဓဘာသာ ဝန်ချတောင်းပန်တာဟာ ကွင်းလုံးကျွတ် လွတ်တယ်လို့ ပြောတာ မဟုတ်ဘူး။ အကုသိုလ်ဆိုတာ ၂-မျိုး ရှိတယ်။ လုပ်တုန်းကဖြစ်သွားတဲ့ အကုသိုလ်ကို **"အာရဗ္ဘဇ = လုပ်လို့ဖြစ်တဲ့ အကုသိုလ်"**။ အဲဒီလုပ်လို့ဖြစ်ပြီးသား အကုသိုလ်ကို ပြောင်းလို့မရဘူး။ ဘာဖြစ်လို့တုန်းဆို "what have done cannot be undone" လုပ်ပြီးသားတစ်ခုကို မလုပ်ဘူးလို့ ပြောလို့မရဘူး။ ပြီးသွားပြီလေ။ ပြန်ယူလို့လည်း မရဘူးလေ။ ဘယ်ကိစ္စပဲဖြစ်ဖြစ် ပြောပြီးသားဟာ ပြောပြီးသားပဲ။ လုပ်ပြီးသားဟာ လုပ်ပြီးသားပဲ ဖြစ်သွားပြီ။ အဲဒီတော့ အဲဒီလိုလုပ်ပြီးသားကို မလုပ်သေးဘူးလို့ ပြန်ပြောလို့ မရဘူးပေါ့။

ဒါဖြင့် ဗုဒ္ဓဘာသာတွေ ဒီဝန်ချတောင်းပန်ရင် ကျေတယ်ဆိုတာ ဘာအဓိပ္ပါယ်လဲဆိုရင် "ငါ အမှားလုပ်မိပြီ"ဆိုပြီး စိတ်ထဲမှာ တအုံ့နွေးနွေးနဲ့ စိတ်

မကောင်းဖြစ်နေခြင်းကြောင့် အကုသိုလ်တွေဟာ တိုးတိုးလာတယ်။ အဲဒီအတိုးကို ရပ်ဆိုင်းစေတာပေါ့။ ဒါ အရင်းကို ဖြုတ်တာမဟုတ်ဘူး၊ အတိုးရပ်ခိုင်းတာ။ အတိုးရပ်တာမဖြစ်နိုင်ဘူးလား။ ဖြစ်နိုင်တယ်။ ငွေချေးရင်တောင် အတိုးရပ်ရင် ရတယ်။ တချို့ကျ အရင်းတောင် လျှော်ပေးတာ ရှိသေးတာပဲနော်။ ဒီမှာ ကံကျတော့ အရင်းကို အကုန်လျှော်လို့ မရဘူး။ အဲ လျှော်လို့ရတဲ့နည်းတော့ ရှိတယ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရသွားရင်တော့ အရင်းပါလျှော်လို့ ရသွားပြီ။ အဲဒီအဆင့်ရောက်မှ လျှော်လို့ရမှာပဲ။

ရှင်အင်္ဂုလိမာလ လောင်းဟာ လူပေါင်းများစွာ သတ်လာခဲ့တာ၊ အရဟတ္တမဂ်ရတဲ့အခါ အဲဒီ အကုသိုလ်တွေ နောင်ဘဝအကျိုးပေးဖို့ ကိလေသာ အဖော်မရှိတော့ဘူး။ မရှိသည့်အတွက်ကြောင့် သူက အရင်းပါ လျှော်ပေးလိုက်တာပဲ။ အဲဒါကို ဓမ္မပဒမှာ ဘယ်လို ဟောထားတုန်းဆို "**ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓီယတိ**"တဲ့။ သူလုပ်ခဲ့တဲ့ အကုသိုလ် တွေမှန်သမျှ ကုသိုလ်နဲ့ ပိတ်ပစ်လိုက်တယ်တဲ့။ ဟော

အခုခေတ် ငွေကြေးလည်း ပိတ်လိုက် ရင် ရတာပဲပေါ့။ အဲဒီတော့ ပိတ်တယ်ဆိုတဲ့နေရာမှာ အင်အားရှိတာနဲ့ ပိတ်မှရတာနော်။ သာမန်သွားပိတ်ရင်တော့ ပွင့်ထွက်သွားမှာပဲ။ မရဘူး။ အဲဒီတော့ အကုသိုလ်တွေအားလုံးကို အရဟတ္တမဂ် ကုသိုလ်ကမှ ပိတ်ပေးလို့ရတယ်။ ဒီလိုအဓိပ္ပါယ်ရတယ်။

ဒါက ဓမ္မပဒမှာ ဖတ်ကြည့်၊ အဲဒီဂါထာပါတယ်။ လုပ်ထားတဲ့အကုသိုလ်တွေကို ကုသိုလ်တရားနဲ့ ပိတ်တယ်ဆိုတာ အဲဒီကုသိုလ်က ဘယ်ကုသိုလ်တုန်းလို့ ဆိုတော့ အဌကထာက "အရဟတ္တမဂ် ကုသိုလ်"တဲ့ သာမန်ကုသိုလ်နဲ့ ပိတ်လို့မရဘူး။ အရဟတ္တမဂ် ကုသိုလ်က ကံတရားတွေကိုတော့ ဖယ်တာမဟုတ်ဘူး။ ကိလေသာတွေကို ဖယ်လိုက်တာ။ ကိလေသာတွေကို ဖယ်လိုက်သဖြင့် ကံတရားတွေဟာ အကျိုးပေးနိုင်ခြင်း မရှိတော့ဘူး။

မြေနဲ့ရေနဲ့ မတွေ့အောင်ထားရင် မျိုးစေ့လေး တစ်ခုဟာ ဘယ်လိုလုပ်ပြီး အပင်ပေါက်မလဲ။ မပေါက်ဘူး။ မျိုးစေ့လေးကို ဖျက်ဆီးလိုက်ရင်လည်း အပင်

မပေါက်ဘူး။ ကံမျိုးစေ့ကို အရဟတ္တမဂ်ကုသိုလ် စွမ်းအားနဲ့ ဖျက်ဆီးပစ်လိုက်တာ။ ဒီလိုဆိုလိုတာပေါ့ နော်။

အေး အဲဒီ ဒီလိုကံတရားတွေကို အပြောင်းအလဲ လုပ်ဖို့ မြတ်စွာဘုရားထံ ဘာသာတရား ကျင့်သုံးတာ လားလို့ဆိုတော့ မဟုတ်ဘူး။ အဲဒီတော့ ဗုဒ္ဓဘာသာ တွေ ဝန်ချတောင်းပန်တယ်ဆိုတာက တိုးလာမယ့် အကုသိုလ်တွေကို မတိုးအောင်လုပ်တာ။ အဲဒီ အကုသိုလ်ကို **ဝိပ္ပဋိသာရဇ** အကုသိုလ်လို့ ခေါ်တယ်။ **ဝိပ္ပဋိသာရဇ** ဆိုတာ နှလုံးမသာမယာဖြစ်နေခြင်း ကြောင့် ဖြစ်ပေါ်လာတဲ့ အကုသိုလ်တရားတွေ မဖြစ် အောင် တားတာ။ **အာရမ္ဘဇ** ကို တားတာ မဟုတ်ဘူး။ **ဝိပ္ပဋိသာရဇ** ကို တားတာ။ **အာရမ္ဘဇ** ကို တားတယ် ဆိုရင် အဓိပ္ပါယ် မရှိဘူး။ ဘာဖြစ်လို့တုန်းဆိုတော့ လုပ်ပြီးသားဟာ လုပ်ပြီးသားဖြစ်နေလို့ပဲ။ လုပ်ပြီးသား ကို ပြန်ဖျက်လို့ မရဘူး။ ဒီအဓိပ္ပါယ်ကို ဆိုလိုတယ်။

အဲဒီတော့ ဒီမှာ **သုခဝေဒနီယ**၊ ချမ်းသာတဲ့ အကျိုးကိုပေးတဲ့ ကံတရားကို ဆင်းရဲတဲ့ အကျိုးပေးတဲ့

ကံတရားအဖြစ်ပြောင်းလဲဖို့ ဘာသာတရားကို လိုက်နာတာလားဆိုရင် အဖြေက "မဟုတ်ဘူး"။ ဆင်းရဲတဲ့အကျိုးပေးတဲ့ကံတရားကို ချမ်းသာတဲ့အကျိုးပေးတဲ့ ကံတရားအဖြစ် ပြောင်းလဲဖို့ ဘာသာတရားကို လိုက်နာကျင့်သုံး တာလား ဆိုရင်လည်း အဖြေက "မဟုတ်ဘူး" တဲ့။ ဒီအဖြေ ကို ဖြေတယ်။

နောက်တစ်စုံက ဘာလဲလို့ဆိုရင် (၃) ပရိပက္က-ဝေဒနီယ နဲ့ အပရိပက္ကဝေဒနီယ တဲ့။ ပရိပက္က ဆိုတာရင့်ကျက်တယ်။ ရင့်ကျက်ပြီးကံတရား၊ ရင့်ကျက်ပြီးလို့ အကျိုးပေးတော့မယ့် ကံတရား။ အပရိပက္က-ဝေဒနီယ ဆိုတာ မရင့်ကျက်သေးလို့ အကျိုးမပေးသေးတဲ့ ကံတရား၊ အဲဒီ (၂)ခုကို အပြောင်းအလဲလုပ်ဖို့ ဘာသာတရားကို လိုက်နာကျင့်သုံးတာလားတဲ့။ ရင့်ကျက်ပြီးတဲ့ကံတရားကို မရင့်ကျက်သေးတဲ့ ကံအဖြစ် ပြောင်းလဲဖို့၊ မရင့်ကျက်သေးတဲ့ ကံတရားကို ရင့်ကျက်တဲ့ကံအဖြစ်ပြောင်းလဲဖို့ ဘာသာတရားကို ကျင့်သုံးရတာလား လို့မေးတယ်။ ရှင်သာရိပုတ္တရာက "မဟုတ်ဘူး ငါ့ရှင်တဲ့" အဲဒါအတွက် ကျင့်သုံးတာလည်း

မဟုတ်ဘူးတဲ့။

ဟော နောက်တစ်ခုက (၄) **ဗဟုဝေဒနီယ** နဲ့ **အပ္ပဝေဒနီယ**။ တချို့ကံက အကျိုးတွေအများကြီး ခံစားစေတယ်။ တချို့ကံက အကျိုးနဲနဲလေးပဲ ခံစားစေတယ်။ ကံတရားတွေဟာ အကျိုးထုတ်လုပ်ပုံချင်း မတူကြဘူးပေါ့။ အဲဒီတော့ ဗဟုဝေဒနီယ လို့ဆိုတဲ့ အကျိုးတွေ များစွာခံစားရတဲ့ ကံတရားကို အပ္ပဝေဒနီယ အကျိုးနဲနဲလေးခံစားစေတဲ့ ကံအဖြစ် ပြောင်းလဲဖို့ ဘာသာတရားကို လိုက်နာကျင့်သုံးတာလားတဲ့။ **အပ္ပဝေဒနီယ-** အကျိုးနဲနဲလေး ခံစားရတဲ့ကံတရားကို **ဗဟုဝေဒနီယ-** အကျိုးတရားတွေအများကြီး ခံစားရတဲ့ကံတရားအဖြစ် ပြောင်းလဲဖို့ မြတ်သောအကျင့်ကို ကျင့်တာလား၊ ဘာသာတရားကို လိုက်နာကျင့်သုံးတာလားလို့မေးတယ်။ ဒါလည်း "မဟုတ်ဘူး"လို့ ဖြေတယ်။

ဟော နောက်တစ်ခုမေးတာက (၅) **ဝေဒနီယ** နဲ့ **အဝေဒနီယ**။ **ဝေဒနီယ** နဲ့ **အဝေဒနီယ** ဆိုတာ General point နဲ့ပြောတာ။ အကျိုးပေးမယ့်ကံနဲ့ အကျိုးမပေးတဲ့ကံပေါ့နော်။ **ဝေဒနီယ** ဆိုတာ အကျိုး

တရားကို ခံစားစေတတ်တဲ့၊ ဖြစ်ပေါ်စေတတ်တဲ့ ကံတရားမျိုး။ **အဝေဒနိယ** ဆိုတာ အကျိုးမပေးတဲ့ ကံတရားမျိုး။ အဟောသိကံ ဖြစ်သွားတာမျိုးလိုဟာမျိုး။ အဲဒီတော့ **ဝေဒနိယ**- အကျိုးကို ခံစားစေတတ်တဲ့ ကံတရားမျိုးကို **အဝေဒနိယ** - အကျိုးမပေးတဲ့ ကံတရားအဖြစ်ပြောင်းလဲဖို့ မြတ်သောအကျင့်ကို ကျင့်ရတာလား၊ ဘာသာတရားကို လိုက်နာကျင့်သုံးရတာလား? တဲ့။

မဟုတ်တာတွေ အကုန်လုပ်ပြီးတဲ့အခါကျတော့ ဒီကံတွေက လုံးဝ အကျိုးမပေးတော့ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ဘူးလေ။ မဟုတ်တာလုပ်ထားလို့ရှိရင် **ဝေဒနိယကံ** ဖြစ်နေပြီ။ အကျိုးပေးနိုင်တဲ့ ကံဖြစ်နေပြီ။ အဲဒီအကျိုးပေးနိုင်တဲ့ကံတွေကို အကျိုးမပေးရအောင် ပြောင်းလဲပစ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဘယ်တန်ခိုးရှင်ကမှ လုပ်လို့မရတဲ့ကိစ္စတစ်ခုပေါ့နော်။ အေး အဲဒီလို မေးခွန်းတွေကို အပြန်အလှန် မေးလိုက်တာ မေးခွန်း (၁၀)မျိုး ဖြစ်သွားတယ်။

ပြန်ပြီးတော့ မှတ်သားဖို့ရာက (၁) ဒိဋ္ဌဓမ္မ-

ဝေဒနီယနဲ့ သမ္ပရာယဝေဒနီယ ကံ ၂-မျိုး အပြောင်းအလဲလုပ်ဖို့။ (၂) သုခဝေဒနီယ နဲ့ ဒုက္ခဝေဒနီယ ကံ ၂-မျိုး အပြောင်းအလဲလုပ်ဖို့။ (၃) ပရိပက္ကဝေဒနီယ နဲ့ အပရိပက္ကဝေဒနီယ အပြောင်းအလဲလုပ်ဖို့။ (၄) ဗဟုဝေဒနီယနဲ့ အပ္ပဝေဒနီယ အပြောင်းအလဲလုပ်ဖို့။ (၅) ဝေဒနီယနဲ့ အဝေဒနီယ ကံ ၂-ခု ကို အပြောင်းအလဲလုပ်ဖို့ ဘာသာတရားကို ကျင့်သုံးတာလားလို့ ၅-မျိုးကို အပြန်အလှန်မေးလိုက်တဲ့အခါ မေးခွန်း ၁၀-ပုဒ်၊ အဲဒီမေးခွန်း ၁၀-ပုဒ်ရဲ့ အဖြေက "မဟုတ်ဘူး" (No)လို့အဖြေထွက်လာတယ်။ အဖြေမရဘူး။ ဟုတ်ကဲ့လား။

"ဒါဖြင့် ဘာအတွက် ကျင့်သုံးတာလဲ။ အရှင်ဘုရားက အကုန်လုံး No ချည်းဘဲ ဖြေတယ်။ ဒါဖြင့် အဖြေထွက်မလာတော့ ဘာအတွက် ဘာသာတရားကို လိုက်နာကျင့်သုံးတာလဲ"ဆိုတဲ့ မေးခွန်းတစ်ခု ထပ်တက်လာတယ်နော်။

"အထ ကိမတ္ထံ စရဟာဝုသော ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ" ဒါဖြင့် ဗုဒ္ဓမြတ်စွာဟောတော်မူ

ခဲ့တဲ့ ဘာသာတရားကို လိုက်နာကျင့်သုံးတာဟာ ဘာ အတွက်လိုက်နာကျင့်သုံးတာတုန်းလို့ မေးလိုက်တယ်။

ဖြေဆိုချက်က "သံသရာမှာ ဘယ်တုန်းကမှ မသိခဲ့ဘူးတဲ့၊ ဘယ်တုန်းကမှ မမြင်ခဲ့ဘူးတဲ့၊ ဘယ် တုန်းကမှ ကိုယ့်ရဲ့စိတ်ထဲ နှလုံးထဲ ရောက်မလာ ဘူးတဲ့၊ ဘယ်တုန်းကမှ မျက်မှောက်မပြုခဲ့ဘူးတဲ့၊ ဘယ်တုန်းကမှ ကိုယ့်အသိစိတ်ထဲမှာ ပေါ်မလာ ဘူးတဲ့အကြောင်းအရာ တစ်ခုကို သိဖို့ မြင်ဖို့ ရောက်ရှိလာဖို့ မျက်မှောက်ပြုနိုင်ဖို့ ထိုးထွင်း သိနိုင်ဖို့ ဘာသာတရားဆိုတာ ကျင့်သုံးရတာ"တဲ့။

ဆိုလိုတာက "မသိတာတွေ သိဖို့ ဘာသာ တရားကျင့်သုံးတယ်"လို့ ဒီလိုပြောတာနော်။ မသိ သေးတာတွေ သိဖို့ ဘာသာတရားကျင့်သုံးတာတဲ့။ ဒီလို ဖြေတာ။ ဘယ်တုန်းကမှ မသိခဲ့ရဘူးတဲ့၊ ဘယ်တုန်းက မှ မမြင်ခဲ့ရဘူးတဲ့၊ ဘယ်တုန်းကမှ မျက်မှောက်မပြုခဲ့ရ ဘူးတဲ့ တရားဓမ္မတွေကို သိဖို့၊ မြင်ဖို့ မျက်မှောက်ပြုဖို့၊ အင်မတန်မှ ထူးဆန်းတဲ့အသိဉာဏ်တွေ ရဖို့အတွက် တဲ့။ အသိဉာဏ်ဘယ်လောက် အရေးပါတယ်ဆိုတာ

ထင်ရှားတယ်။ မြတ်စွာဘုရားက အမြဲတမ်းအသိဉာဏ်ကို ဦးစားပေးတာလေ။ "ဗုဒ္ဓ" လို့ ဆိုတာကိုက "သိသူ" လို့ အဓိပ္ပါယ်ရတယ်။

အဲဒီတော့ ဘာသာတရားကို လိုက်နာကျင့်သုံးတယ်ဆိုတာ ခုနက အခြေအနေတွေ ကံတရားတွေကို ပြောင်းပစ်ဖို့ မဟုတ်ဘူး။ သို့သော် ဒီကနေ့ခေတ်ပုဂ္ဂိုလ်တွေဟာ အခြေအနေတစ်ခုပြောင်းပစ်ဖို့ လုပ်နေကြတယ်။ ဖြစ်နိုင်၊ မဖြစ်နိုင် ကိုယ့်ဟာကိုယ် စဉ်းစားကြည့်။ လုပ်ချင်တာတွေလုပ်ပြီးတဲ့အခါမှာ ပြောင်းပစ်မယ်။ ဘယ်ရမလဲ၊ မရဘူး။ မရနိုင်တဲ့အရာကို ရတယ်လို့ ထင်နေလို့ရှိရင် ဒါမှားယွင်းတဲ့ အမြင်တစ်ခုပဲ။ မှားယွင်းတဲ့အမြင်ကို မိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်။ မှားယွင်းတဲ့ အမြင်ကို လက်ခံတဲ့ပုဂ္ဂိုလ်ရဲ့ destinationက ငရဲနဲ့ တိရစ္ဆာန်ပဲတဲ့။ ဒီလိုဆိုလိုတာပေါ့နော်။

အဲဒီတော့ ရှင်သာရိပုတ္တရာက ဖြေတယ်။ "မသိသေးတာကို သိဖို့၊ မမြင်သေးတာကို မြင်ဖို့၊ မျက်မှောက်မပြုနိုင်သေးတာကို မျက်မှောက်ပြုဖို့၊ ကိုယ်တွေ့မရသေးတာကိုရဖို့ ကျင့်တာ"တဲ့။

"ဒါဖြင့် အရှင်ဘုရားမသိသေးတာ၊ မမြင်သေးတာ၊ မျက်မှောက်မပြုသေးတာဟာ ဘာတွေတုန်း ဘုရား"လို့ မေးစရာရှိလာတဲ့အခါကျတော့ ဒီလိုဖြေတယ်။

"ဒါက ဒုက္ခပဲ၊ ဒါက ဒုက္ခဖြစ်ကြောင်းတရားပဲ၊ ဒါက ဒုက္ခတွေ ချုပ်ငြိမ်းသွားတဲ့အရာပဲ။ ဒါက ဒုက္ခတွေ ချုပ်ငြိမ်းဖို့ရန်အတွက် အကျင့်လမ်းမှန်ပဲ"လို့ သစ္စာတရားကို သိဖို့တဲ့။ ဒီလိုဆိုလိုတာပဲ။ အဲဒီတော့ သစ္စာတရား မသိသေးသမျှကာလပတ်လုံး သံသရာထဲမှာ လည်နေမှာပဲ။ သစ္စာတရားကို သိပြီးတဲ့အခါ သံသရာမှ လွတ်မြောက်မှာ ဖြစ်တယ်။

ကြည့်။ 'ရှင်အင်္ဂုလိမာလ'ဟာ ကံတရားကိုပြောင်းတာ မဟုတ်ဘူး၊ သူသိအောင် လုပ်လိုက်တာ။ သိအောင် လုပ်လိုက်လို့ သိသွားတဲ့အခါ ခုနကိစ္စတွေ အလိုလိုပြီး သွားတယ်။ ဒီလိုဆိုလိုတာပေါ့နော်။ အဲဒီတော့ သစ္စာတရားကို မသိသေးသမျှကာလပတ်လုံး သံသရာထဲမှာ လည်နေဦးမှာပဲ။ သံသရာထဲမှာ လည်ပြီး ဒုက္ခရောက်နေမယ့် အနေအထားတွေက လွတ်မြောက်ဖို့အတွက် "ဒါက ဒုက္ခပဲ၊ ဒါက ဒုက္ခဖြစ်ခြင်း ရဲ့အကြောင်းတရားပဲ၊

ဒါက ဒုက္ခရဲ့ချုပ်ငြိမ်းရာ ဖြစ်တယ်။ ဒါက ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့် ပဋိပဒါ ဖြစ်တယ်" လို့ ဒါကိုသိဖို့၊ ဒါကိုမြင်ဖို့၊ ဒါကို မျက်မှောက်ပြုနိုင်ဖို့ ဘာသာတရားကျင့်သုံးမှုကို လုပ်ကြရတာဖြစ်တယ်တဲ့။

အဲဒီတော့ ဗုဒ္ဓဘာသာတွေ တရားကျင့်တာ၊ ဉပုသ်စောင့်တာပဲဖြစ်ဖြစ်၊ သမာဓိကျင့်စဉ်ကို ကျင့်တာပဲဖြစ်ဖြစ်၊ ဝိပဿနာကျင့်စဉ်ကို ကျင့်တာပဲဖြစ်ဖြစ်၊ ဘာအတွက်လုပ်တာလဲဆိုတော့ အမှန်တရားကို သိဖို့အတွက် လုပ်တာတဲ့။

အဲဒီ အမှန်တရားမှာ ဒုက္ခနိရောဓ ဆိုတာ နိဗ္ဗာန်ပဲ။ အဲဒီတော့ နိဗ္ဗာန်ဆိုတာကို တွေ့မြင်မှ ဒုက္ခသမုဒယ ဆိုတဲ့တဏှာကို ဖယ်နိုင်တာ။ ဒုက္ခသမုဒယတဏှာကို ဖယ်မှ ဒုက္ခ ဆိုတာကို ရပ်ဆိုင်းလို့ရမှာ၊ အဲဒီအခြေအနေတွေ ရောက်ဖို့ရန်အတွက် "ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ" လို့ ဆိုတဲ့ "မဂ္ဂ"ကို ကိုယ့်သန္တာန် မှာ ထူထောင်ရမှာ ဖြစ်တယ်။ မြတ်စွာဘုရားက အကုန်လုံး ကွင်းဆက်နဲ့ဟောတာ။ သစ္စာလေးပါး

ဆိုတာ Buddhist practice ကို အကျဉ်းပြောထားတဲ့ စကားပဲ။ အကျဉ်းဆုံးနည်းနဲ့ပြောလိုက်တာ။

အဲဒီတော့ ဗုဒ္ဓဘာသာတစ်ယောက်ဟာ ဘာလုပ်ရမှာလဲလို့ဆိုရင် "ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ"ကို ကျင့်ရမှာ။ "ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ"ဆိုတာ ဘာလဲလို့မေးမယ်ဆိုရင် မဂ္ဂင်ရှစ်ပါး"မဇ္ဈိမ ပဋိပဒါ"ပဲ။ အဲဒီတော့ မဇ္ဈိမ ပဋိပဒါ ဆိုတာ တခြား သွားရှာရမှာ မဟုတ်ဘူး။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့မဂ္ဂင်ရှစ်ပါး အကျင့်တရားပဲ။ အဲဒီ မဂ္ဂင်ရှစ်ပါးကို မိမိရဲ့သန္တာန်မှာ ထူထောင်ပေးတာ။ ထူထောင်နေတဲ့အချိန်ကို ပုဗ္ဗဘာဂမဂ် လို့ခေါ်တယ်။ ပုဗ္ဗဘာဂမဂ်ဆိုတာ လောကုတ္တရာမဂ် မရခင် ရှေ့ပိုင်းမှာ ဖြစ်နေတာ။ မဂ်၊ မဂ်နဲ့ ပြောတာဟာ ဒီ ၈-ခု အပေါင်းပဲ ဖြစ်တယ်။

## "မဂ္ဂ"အဓိပ္ပါယ်

မဂ်ဆိုတာ အပေါင်းရဲ့နာမည် Unity of 8 factors ပေ့ါ။ Unity ကို "မဂ္ဂ" လို့ခေါ်တာ။ ဘာဖြစ်လို့ မဂ္ဂ လို့ ခေါ်တာတုန်းဆိုတော့ အဋ္ဌကထာ ဆရာကြီးတွေ ဖွင့်ပြတာ သိပ်ပြီးတော့ သဘောကျစရာကောင်းတယ်။ သမ္မောဟ ဝိနောဒနီအဋ္ဌကထာမှာ ၃-မျိုး ဖွင့်ထားတယ်။ စဉ်းစားတတ်ရင် သဘာဝကို ဖော်ဆောင် ပေးတဲ့ Definition တစ်ခုဆိုတာ သိရတယ်။

"မဂ္ဂ" ရဲ့ အဓိပ္ပါယ်ကို ပထမ ဘယ်လိုပြောသလဲ လို့ဆိုရင် "နိဗ္ဗာနတ္ထိကေဟိ မဂ္ဂီယတေတိ မဂ္ဂေါ" တဲ့။ "မဂ္ဂ" ဆိုတာတဲ့ နိဗ္ဗာန်လိုချင်တဲ့ပုဂ္ဂိုလ်တွေ ရှာရမယ့်တရားတဲ့။ ဒါ beginner တွေအတွက် ပြောလိုက်တာလေ။ မင်းတို့ နိဗ္ဗာန်ရချင်ရင် ဘာလုပ်ရမလဲ။ ဟော ဒီ မဂ္ဂင်ရှစ်ပါးကို ရှာလို့ ပြောတာနော်။

ဒါဖြင့် နိဗ္ဗာန်ကို ဘယ်သူက ရှာပေးမှာတုန်း ဆိုတော့ "နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ"တဲ့ သူဟာ့သူ ရှာပေးလိမ့်မယ်တဲ့။ ဟော ဒါ ဒုတိယ definition ဖြစ်တယ်။

နောက်တစ်ခါ သူ့ဟာသူ ရှာသွားတယ်ဆိုတာ ဘယ်လိုရှာတာတုန်းဆိုတော့ "**ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ**-ကိလေသာတွေကို ဖယ်ရှားပစ်ပြီး နိဗ္ဗာန်ထဲ ပြေးဝင်သွားတာ"တဲ့။ ဟော နိဗ္ဗာန်ကို တွေ့အောင်ရှာတာလဲ မဂ္ဂင်ရှစ်ပါးပဲ။ ဒါကြောင့်မို့ "မဂ္ဂ" ဆိုတဲ့ နာမည်ကို ပေးထားတာနော်။

"မဂ္ဂ"ဆိုတဲ့ စကားလုံးကို အဓိပ္ပါယ် (၃)မျိုးနဲ့ မှတ်ရမယ်။ နိဗ္ဗာန်လိုချင်တဲ့ပုဂ္ဂိုလ်တွေ ရှာရတဲ့အရာ၊ နိဗ္ဗာန်ကို ရှာပေးတတ်တဲ့အရာ၊ ကိလေသာတွေကို ဖယ်ရှားပြီး နိဗ္ဗာန်ထဲကို ဝင်ရောက်တဲ့အရာလို့ ဆိုလိုတယ်။ အဲဒါဟာ ဘယ်တရားတွေလဲလို့ဆိုရင် သမ္မာ-ဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ စတဲ့ ဒီမဂ္ဂင်ရှစ်ပါးပဲတဲ့။

အဲဒီမဂ္ဂင်ရှစ်ပါးဟာ ပုဗ္ဗဘာဂမဂ္ဂ လို့ဆိုတဲ့ ဝိပဿနာဉာဏ်အခိုက်မှာ တစ်ခါတစ်ရံ သမ္မာဒိဋ္ဌိ က ဦးဆောင်တယ်။ တစ်ခါတစ်ရံ သမ္မာသမာဓိတို့၊ သမ္မာ-ဝါယာမတို့၊ သမ္မာသတိတို့က ဦးဆောင်နေတယ်။ ဒီလို တစ်ခုစီ တစ်ခုစီ သွားတယ်။ အားလုံးရဲ့ စွမ်းအင်သတ္တိဟာ တပြေးညီဖြစ်သွားပြီး သူ့အလုပ်ကို သူတစ်ညီ

တည်း လုပ်သွားပြီ၊ တစ်ခုတည်းကဲ့သို့ဖြစ်သွားပြီဆိုရင် လောကုတ္တရာမဂ်အဆင့်ရောက်သွားပြီ။ မညီသေးဘူး တစ်စထောင် တစ်စလျော့ ဖြစ်နေသေးရင် ဝိပဿနာအဆင့်ပဲ ရှိသေးတယ်။ ဝိပဿနာအဆင့်ကို ပုဗ္ဗဘာဂမဂ် လို့ခေါ်တယ်။

အဲဒီ "ပုဗ္ဗဘာဂမဂ္ဂ"ဟာ အဆင့်မြင့်လာလို့ တစ်စထောင် တစ်စလျော့ မရှိတော့ဘဲ တစ်ညီတည်း စွမ်းဆောင်မှု ပေးသွားပြီးဆိုတဲ့အခါ လောကုတ္တရမဂ္ဂ ဖြစ်သွားရော။ အဲဒီလောကုတ္တရမဂ္ဂ ဖြစ်သွားပြီဆိုတဲ့ အခါ ဆိုင်ရာ ဆိုင်ရာ ကိလေသာတွေကိုဖယ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်တယ်။ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ဆိုင်ရာ ဆိုင်ရာ ကိလေသာတွေကို ဖယ်ရှားပစ်လိုက်လို့ အမှန်တရားကို သိခြင်းကိစ္စဟာ အဲဒီမှာပင် အဆုံးသတ်သွားတယ်ပေါ့။

အဲဒီတော့ ဘာသာတရားကို လိုက်နာကျင့်သုံးတယ်ဆိုတာ အဲဒီအသိဉာဏ်မျိုးရအောင် ကျင့်သုံးတာနော်။ သာမန်အားဖြင့် ပြောမယ်ဆိုရင်တော့ ဘာသာတရားကို ဘာလို့ ကျင့်သုံးကြတာတုန်းဆို "နိဗ္ဗာန်"

ရချင်လို့ ဖြေကောင်းဖြေမယ်။ အခု ရှင်သာရိပုတ္တရာ ဖြေဆိုတဲ့အဖြေဟာ အလွန်ပြည့်စုံတဲ့အဖြေပဲနော်။ အေး ဘယ်တုန်းကမှ မသိသေးတာတွေသိဖို့၊ ဘယ်တုန်းကမှ မမြင်ခဲ့တာတွေမြင်ဖို့၊ ဘယ်တုန်းကမှ မရခဲ့သေးတာ မျက်မှောက်မပြုခဲ့သေးတာတွေ ရဖို့ မျက်မှောက်ပြုဖို့။ ဘာသာတရားကို ကျင့်သုံးကြတာတဲ့။

ဒါဖြင့် ဘယ်တုန်းကမှ မမြင်ခဲ့သေးတာတွေ၊ မရသေးတာတွေဆိုတာ ဘာတုန်းဆိုတော့ '**သစ္စာလေးပါး**'ပဲ။ သစ္စာလေးပါး မသိလို့ ဘုန်းကြီးတို့တစ်တွေ၊ သံသရာလည်နေကြတာ။ မြတ်စွာဘုရားကိုယ်တိုင်က "ငါလည်း သံသရာလည်ခဲ့ရတယ်။ မင်းတို့လည်း သံသရာလည်ခဲ့ရတယ်။ အခု သစ္စာလေးပါးကို သိသွားပြီ။ သိသွားတာနဲ့ တစ်ပြိုင်နက်၊ သံသရာလည်ခြင်းအကြောင်းတွေ အကုန်ဖယ်ရှားပြီးသွားပြီ"။ ဒီလိုဆိုတာနော်။

အေး ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင် ပရိတ်သတ်အပေါင်းတို့၊ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေ၊ ပိဋကတ်(၃)ပုံ တကယ့် အဆီ

အနှစ်တွေ မြန်မာပြည်မှာရှိနေတုန်း မှန်မှန်ကန်ကန်နဲ့ ဒီတရားတွေကို လေ့လာလိုက်စားကြမယ် သိရှိအောင် ကြိုးစားကြမယ်ဆိုရင် အများကြီးအကျိုးရှိနိုင်ပါတယ်။

ဘုရားတရားတော်တွေဟာ မြန်မာပြည်မှာ ပြည့်ပြည့်ဝဝ တည်ရှိထွန်းကားနေဆဲပဲ ဖြစ်တယ်။ ဒီတရားတော်တွေ မြန်မာပြည်ရောက်လာအောင် သယ်ဆောင်လာခဲ့ကြတဲ့ ကျေးဇူးရှင်တွေဟာ ရှင်အရဟံ စတဲ့ ရဟန်းတော်အရှင်မြတ်ကြီးတွေပဲ ဖြစ်တယ်။ သံဃာတော်တွေက သယ်ဆောင်လာပြီး စဉ်ဆက်မပြတ် ပို့ချပေးခဲ့လို့သာ ဒီတရားတွေရဲ့ အဓိပ္ပါယ်ကို သိနိုင်ခွင့်ရကြတယ်။ အကယ်၍ စာအုပ်တွေသာ သယ်လာပြီး ဗီရိုထဲထည့်ပစ်ခဲ့မယ်ဆိုရင် ဘယ်သူမှ သိမှာမဟုတ်ဘူး။

စာအုပ်ရှိပြီး သင်ဖို့လည်း လိုတယ်။ အခုလို သင်ယူပို့ချမှုတွေနဲ့ ဒီကနေ့ခေတ် မြန်မာနိုင်ငံမှာ ပရိယတ္တိစာသင်တိုက်ကြီးတွေမှာ စာသင်နေကြတယ်၊ ပို့ချပေးနေကြတယ်။ အဲဒီလိုလုပ်နေတာဟာ သာသနာတော် တည်တံ့ရေး၊ သာသနာတော် ထွန်းကားရေး

အတွက် အလုပ်လုပ်နေကြတာဆိုတာ ဘုန်းကြီးတို့ သဘောပေါက်ဖို့ လိုအပ်တာပေါ့။

ဒါကြောင့်မို့ စာပေကျမ်းဂန်ထဲမှာ "ပရိယတ္တိယာ ဌိတာယ သာသနံဌိတံ" သင်ယူမှုရှိနေသမျှ ကာလ ပတ်လုံး သာသနာ ရှိတယ်လို့ဆိုတာ။ သင်ယူတယ် ဆိုတဲ့အခါမှာ ဒကာ၊ ဒကာမတွေက တို့နဲ့မဆိုင်ဘူးလို့ မအောက်မေ့လေနဲ့။ ကိုယ်လည်းတပိုင်တနိုင် သင်ရမှာ ပဲ ဖြစ်တယ်။ ဘုရားတရားတွေ ကိုယ်တိုင်သိအောင် သင်ဖို့ လိုအပ်တယ်။ အဲ နို့မို့ဆိုရင် သူများပြောတာ ဒေးမောပြီး ဟိုလူပြောရင် ဟုတ်နိုးနိုး၊ ဒီလူပြောရင် ဟုတ်နိုးနိုး၊ ဒီ တရားနာ ဟုတ်နိုးနိုး၊ ဟို တရားနာ ဟုတ်နိုးနိုး။ ဒီလို ဟုတ်နိုးနိုးထဲကနေ ထွက်နိုင်မှာ မဟုတ်တော့ဘူးနော်။

အဲဒီတော့ ကိုယ်ကိုယ်တိုင်သိနိုင်ခွင့်ရှိပါလျက်နဲ့ မသိဘူးလို့ဆိုရင် ကိုယ့်အတွက် ဆုံးရှုံးမှုတစ်ခု ဖြစ် တယ်။ ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ တရားတော် တွေရဲ့အနှစ်သာရအချုပ် တို့တွေအမှန်သိအောင် ကြိုး စားအားထုတ်သင့်တယ်။ "ဘာသာတရား လိုက်နာ

ကျင့်သုံးခြင်းရဲ့ရည်ရွယ်ချက်အစစ်အမှန်ဟာ မသိသေးတာတွေ သိဖို့ အမှန်တရားတွေကို သိဖို့ ဘာသာတရားလိုက်နာခြင်းသာ ဖြစ်တယ်။ ကံတရားတွေကို အပြောင်းအလဲ လုပ်ဖို့ ဘာသာတရားကို လိုက်နာတာ မဟုတ်ဘူး" ဆိုတဲ့ ရှင်သာရိပုတ္တရာရဲ့အဖြေ၊ ရှင်မဟာကောဋ္ဌိက တို့ရဲ့အမေးကို နာယူမှတ်သားပြီး အသိဉာဏ်ရအောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု။

----------- *** -----------

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူ့ပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- နိယျာနိကသာသနာနှင့် မြတ်ဒေသနာများ
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အများမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား
၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်